**အဆင့်မြင့်ပညာဦးစီးဌာန**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**
**ပထမနှစ် B.C.Sc/B.C.Tech**
**ဒုတိယနှစ်ဝက်စာမေးပွဲ**
**မြန်မာစာ**
**စက်တင်ဘာ၂၀၁၈**

**မေးခွန်းအားလုံးဖြေဆိုပါ။** **ခွင့်ပြုချိန်(၃)နာရီ**

---

၁။ (က)နှစ်သက်ရာ နှစ်ခု ကိုဖြေဆိုပါ။

ကာနှင့်ခါ၊ ဖူးနှင့်ဘူး၊ ပဲနှင့်ဘဲ

(ခ) အောက်ပါစာပိုဒ်ကိုအနှစ်ချုပ်ပါ။

စာကောင်းပေကောင်းကိုဖတ်ရလျှင် ပတ်ဝန်းကျင်ဘဝကိုလည်း သတိပြုမိလာနိုင်စရာအကြောင်း ရှိပါသည်။ လောဘထွက်သူသည် မိမိလောဘထွက်သည်ကို သတိပြုမိလျှင်၊ မာနတက်သူသည် မိမိမာနတက်သည်ကိုသတိပြု မိလျှင်၊ ဒေါသထွက်သူသည် မိမိဒေါသထွက်သည်ကိုသတိပြုမိလျှင် ဆင်ခြင်တတ်ခြင်းရှိလာ၍ လောဘ၊ ဒေါသ၊ မာနတို့၏ အပူအလောင်မှ သက်သာရာရနိုင်သည်ဟု ပညာရှိတို့ဆိုမိန့်ကြပါသည်။ ထိုနည်းတူစွာ ပတ်ဝန်းကျင် ဘဝကို သတိပြုမိသူသည် မိမိ၏ ကိုယ်နှုတ်နှလုံးကိုသုံးသည့်အခါတိုင်း ဆင်ခြင်တတ်ခြင်းရှိလာ၍ မိမိတစ်ဦး တည်း၏ အကျိုးစီးပွားအတွက်သာမက ပတ်ဝန်းကျင်ဘဝ၌ မိမိကဲ့သို့ပင် သုခ၊ ဒုက္ခအမျိုးမျိုးနှင့် ကျင်လည်နေ ကြကုန်သော သတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွားအတွက်လည်း ကြည့်တတ်မြင်တတ် ဂရုဏာဖြစ်တတ်လာနိုင် စရာအကြောင်းရှိသည်ဟု ထင်ပါသည်။

၂။ နှစ်သက်ရာ တစ်ပုဒ် ကိုဖြေဆိုပါ။

(က) မေတ္တာရှေ့ထားကူညီမှုကြောင့်ရရှိခံစားရသော " ပီတိ " အကြောင်းစီကုံးပါ။

(ခ) အားမာန်နှင့်မြန်မာကဗျာစကားပြေလာ အားမာန်၏သဘောသည် အသွင်အမျိုးမျိုး ရှိကြောင်း ဖော်ပြပါ။

၃။ နှစ်သက်ရာ တစ်ပုဒ် ကိုဖြေဆိုပါ။

(က) အမေ့နားကပ်ကလေး ကဗျာမှ အမေ၏တန်ဖိုးကိုလေးစားမြတ်နိုးဖွယ်ဖော်ပြပါ။

(ခ) နွေဦးပုံပြင်ကဗျာလာ ဇာတိမာန်စိတ်ဓါတ်ထက်သန်မှုကိုရေးသားတင်ပြပါ။

၄။ နှစ်သက်ရာ တစ်ပုဒ် ၏အရေးအဖွဲ့ကိုရေးသားဖြေဆိုပါ။

(က) မက္ခရာမင်းသားကြီး၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်မှုများကို အရေးအဖွဲ့ပိုင်းဖြင့် တင်ပြပါ။

(ခ) ရေကြောင့်လောင်သောမီး ကဗျာလာ သရုပ်ဖော်အဖွဲ့များကို ရေးသားဖြေဆိုပါ။

၅။ နှစ်သက်ရာ တစ်ပုဒ်ကို စီကုံးပါ။

(က) ယဉ်ကျေးမှုဖြင့်လူ့အဆင့်အတန်း၊ လူ့အနှစ်သာရကို တိုင်းတာရကြောင်းအဆိုကို သင့်အမြင်ဖြင့် ဆွေးနွေးပါ။

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ခဲ့ကြသော ပုဂံနိုင်ငံသားတို့ အကြောင်း ကို ဆွေးနွေး တင်ပြပါ။

---